# Philadelphia မြို့၏ အလုပ်သမားကာကွယ်ရေး ဥပဒေများ

**အလုပ်ရှင်များက လက်တုံ့ပြန်ခြင်းသည် ဥပဒေနှင့်မညီညွတ်ပါ။**

## လုပ်ခလစာ ခိုးယူမှု

အလုပ်ရှင်အားလုံးနှင့် ဝန်ထမ်းအားလုံး အကျုံးဝင်ပါသည်။

**ချိုးဖောက်မှုများတွင် အောက်ပါတို့ပါဝင်ပါသည် –**
အလုပ်လုပ်ခဲ့သော နာရီများအားလုံးအတွက် လုပ်ခလစာများကို အကုန်အစင်ပေးချေရန် ပျက်ကွက်ခြင်း၊ အချိန်ပိုလုပ်ခ၊ နားရက်တွင် အလုပ်ဆင်းခြင်းနှင့် အခြားတို့အတွက် ပေးချေရန်ပျက်ကွက်ခြင်း။ ***Email - wagetheft@phila.gov***

## လစာဖြင့် နာမကျန်းခွင့်

ဝန်ထမ်း ၁၀ ဦး သို့မဟုတ် ၁၀ ဦးအထက် ရှိသော အလုပ်ရှင်များအနေဖြင့် အချိန်ပြည့်နှင့် အချိန်ပိုင်း ဝန်ထမ်းအများစုအား ပေးအပ်ရပါမည်။

**ချိုးဖောက်မှုများတွင် အောက်ပါတို့ပါဝင်ပါသည် –**
လစာဖြင့် နာမကျန်းခွင့် ခံစားခွင့်ပေးရန် ပျက်ကွက်ခြင်း၊ နာမကျန်းခွင့် ခံစားခွင့်စုဆောင်းသတ်မှတ်မှု – နာရီ ၄၀ အလုပ်လုပ်တိုင်း ၁ နာရီ ခံစားခွင့်ပေးခြင်းကို မှတ်တမ်းတင်ရန် ပျက်ကွက်ခြင်း၊ ဝန်ထမ်းများကို သူတို့၏ လစာဖြင့်နာမကျန်းခွင့်အကြောင်း အသိပေးရန်ပျက်ကွက်ခြင်း။
***Email - paidsickleave@phila.gov***

## မှားယွင်းစွာ အလုပ်ထုတ်ပယ်ခြင်း

ကားဂိုဒေါင်၊ ကားရပ်နားရန်နေရာနှင့် ကားရေဆေးပေးသည့် အလုပ်ရှင်နှင့် ဝန်ထမ်းအားလုံး အကျုံးဝင်ပါသည်။

**ချိုးဖောက်မှုများတွင် အောက်ပါတို့ပါဝင်ပါသည် –**
အပြစ်များထပ်မံကျူးလွန်ပါက ပြစ်ဒဏ်များတိုးမြှင့်သွားသည့် စနစ်ကို အသုံးပြုရန် ပျက်ကွက်ခြင်း၊ ကျိုးကြောင်းခိုင်လုံသော အကြောင်းရင်းမရှိဘဲ အလုပ်မှရပ်ဆိုင်းခြင်း၊ အလုပ်မှရပ်ဆိုင်းရသည့် အကြောင်းပြချက်အတိအကျကို ပေးရန်ပျက်ကွက်ခြင်း၊ ဝန်ထမ်းများကို ဤအခွင့်အရေး နှင့် အခြားအခွင့်အရေးများအကြောင်း အသိပေးရန် ပျက်ကွက်ခြင်း။
***Email - justcauseparking@phila.gov***

## သင့်တင့်မျှတသော အလုပ်ချိန်ရက်သတ္တပတ်

ဝန်ထမ်း ၂၅၀+ ရှိပြီး ကမ္ဘာတစ်ဝန်း နေရာ ၃၀+ တွင် လည်ပတ်နေသော ဝန်ဆောင်မှု၊ လက်လီအရောင်းနှင့် ဟိုတယ်လုပ်ငန်း အလုပ်ရှင်များအနေဖြင့် ဝန်ထမ်းအများစုအား ပေးအပ်ရပါမည်။

**ချိုးဖောက်မှုများတွင် အောက်ပါတို့ပါဝင်ပါသည် –**
အလုပ်အချိန်ဇယားကို ၁၀ ရက် ကြိုတင်အသိပေးရန် ပျက်ကွက်ခြင်း၊ အလုပ်ချိန်နာရီ အသစ်များအတွက် ပြင်ပမှ ခန့်အပ်ခြင်းမပြုမီ လက်ရှိဝန်ထမ်းများအား အရင်တာဝန်ပေးရန် ပျက်ကွက်ခြင်း၊ အချို့သော အလုပ်ချိန်အဆိုင်းများနှင့် ကျန်အဆိုင်းများကြားတွင် နားချိန် ၉ နာရီခွင့်ပြုပေးရန် ပျက်ကွက်ခြင်း။ ***Email - fairworkweek@phila.gov***

## အိမ်တွင်းအလုပ်သမားများ၏ အခွင့်အရေး ဥပဒေကြမ်း

အိမ်တွင်း၌ ဆောင်ရွက်ပေးရသော ဝန်ဆောင်မှုများကို ငှားရမ်းသည့် အလုပ်ရှင်များအနေဖြင့် အိမ်တွင်း သန့်ရှင်းရေးသမားများ၊ ကလေးထိန်းများနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်သူများကဲ့သို့သော ဝန်ထမ်းများအား ပေးအပ်ရပါမည်။

**ချိုးဖောက်မှုများတွင် အောက်ပါတို့ပါဝင်ပါသည် –**
စာချုပ်ချုပ်ဆိုရန် ပျက်ကွက်ခြင်း၊ အစားစားသောက်ရန် သို့မဟုတ် အနားယူရန်အတွက် အားလပ်ချိန်သတ်မှတ်ပေးရန် ပျက်ကွက်ခြင်း၊ ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော စာရွက်စာတမ်းများကို ထိန်းသိမ်းထားခြင်း သို့မဟုတ် လူကုန်ကူးခြင်း၊ နှစ်ပတ်ကြိုတင်အသိပေးရန် သို့မဟုတ် နစ်နာကြေးပေးရန် ပျက်ကွက်ခြင်းနှင့် အခြား။
***Email - domesticwork@phila.gov***

Mayor's Office of Labor
CITY OF PHILADELPHIA

*ဘာသာစကားဖြင့် ဝင်ရောက်ကြည့်ရှုမှုကို ရရှိနိုင်ပါသည်။

**အကျိုးခံစားခွင့်များနှင့် လုပ်ခလစာဆိုင်ရာ လေးစားလိုက်နာမှုအတွက် ရုံးသို့ ဆက်သွယ်ပါ**
**215.686.0802**